# စမ်းကုန်းကျေးရွာ

# တောင်တွင်းကြီးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

စမ်းကုန်းကျေးရွာ ၊ တောင်တွင်းကြီးမြို့နယ်

( စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည် )

၂၀၁၈ ခုနှစ် ၊ အောက်တိုဘာလ

# မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| စကားချီး | | ၄ |
| တောင်တွင်းကြီးမြို့နယ် ၊ စမ်းကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ | | ၅ |
| ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ် | | ၆ |
| (၁) | နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၆ |
| ၁။ | တည်နေရာနှင့် ပထဝီအနေအထား | ၈ |
| ၂။ | ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ | ၈ |
| ၃။ | ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ | ၈ |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ | ၈ |
| | (ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ | ၈ |
| | (ဂ) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ | ၉ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု | ၁၀ |
| | (င) ပညာရေး | ၁၀ |
| | (စ) ကျန်းမာရေး | ၁၀ |
| | (ဆ) ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၀ |
| | (ဇ) ကျား/မ ရေးရာ | ၁၁ |
| ၄။ | ကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ | ၁၂ |
| ၅။ | ကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ | ၁၃ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် | ၁၄ |
| | အထောက်အကူပြုဇယားများ | |
| | ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ | ၁၄ |
| | ဇယား (၂) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့်ရေအရင်းအမြစ်အခြေအနေ | ၁၅ |
| | ဇယား (၃) ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ | ၁၅ |
| | ဇယား (၄) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၁၆ |
| | ဇယား (၅) ဥစ္စာဓနအဆင့်အခြေအနေ | ၁၈ |
| | ဇယား (၆) စိုက်ပျိုးနိုင်သော မြေဧရိယာ | ၁၉ |
| | ဇယား (၇) ကျေးရွာ၏ အဓိကသီးနှံများနှင့် အထွက်နှုန်း | ၂၀ |
| | ဇယား (၈) မွေးမြူရေးလုပ်ငန်း | ၂၁ |
| | ဇယား (၉) မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ | ၂၂ |
| | ဇယား (၁၀) အခြေခံအဆောက်ဦနှင့်ဝန်ဆောင်မှုများ | ၂၃ |
| | ဇယား (၁၁) ကျေးရွာလမ်းပန်းဆက်သွယ်ရေးအခြေအနေ | ၂၄ |
| | ဇယား (၁၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး | ၂၄ |

| | | | | |
|---|---|---|---|---|
| | ဇယား (၁၃) | သယ်ယူပို့ဆောင်ရေး ယာဉ်များနှင့်ဝန်ဆောင်မှုများ | | ၂၅ |
| | ဇယား (၁၄) | လျှပ်စစ်မီးရရှိမှု | ၂၅ | |
| | ဇယား (၁၅) | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ | ၂၆ | |
| | ဇယား (၁၆) | ကျောင်းတက်နှုန်း | | ၂၆ |
| | ဇယား (၁၇) | စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ | ၂၇ | |
| | ဇယား (၁၈) | အဖြစ်များသော ရောဂါများ | | ၂၈ |
| | ဇယား (၁၉) | လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု | | ၂၈ |
| | ဇယား (၂၀) | ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ) | | ၂၉ |
| | ဇယား (၂၁) | သောက်သုံးရေရရှိမှု | | ၃၀ |
| | ဇယား (၂၂) | သန့်ရှင်းရေးအခြေအနေ(အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်) | | ၃၀ |
| | ဇယား (၂၃) | ဘေးအန္တရာယ်ထိခိုက်မှုအခြေအနေများ | ၃၁ | |
| | ဇယား (၂၄) | သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ | | ၃၂ |
| | ဇယား (၂၅) | ကျား/မ ရေးရာ | ၃၂ | |
| ၇။ | ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်များ | | | ၃၃ |

**စကားချီး**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်တော်တို့ စမ်းကုန်း ကျေးရွာသူ/သားများ ကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပထမဆုံး စတင်ရေးဆွဲသော အစီအစဉ် ဖြစ်ပါသည်။ စီမံကိန်းဖြစ်မြောက်ရေးအတွက် ကူညီဆောင်ရွက်ပေးသော တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲခြင်း ၊ စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးပါသော စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန် ရှိသူများအားလုံး ကျေးဇူးတင်ရှိပါသည်။


ကျွန်တော်တို့ ကျေးရွာတွင် ယခင်က ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ကြရာတွင် ရပ်မိရပ်ဖများနှင့်သာ ရေးဆွဲ တိုင်ပင်ကြခြင်း ဖြစ်ပါသည်။ယခုကဲ့သို့ အတန်းအစားပေါင်းစုံ စနစ် တကျ ပူးပေါင်းဆောင်ရွက်သည့် စနစ်ကျသည့် စီမံကိန်းမျိုး မရေးဆွဲခဲ့ပါ။ယခုအခါ ထိုသို့ ကျေးရွာလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်စနစ်ကျသည့် စီမံကိန်းအဖြစ် ဆောင်ရွက်နိုင်သည်ကို သိရှိခဲ့ရပါသည်။နောင်တွင် မည်သည့်ကိစ္စရပ် တိုင်ပင်ဆွေးနွေးမှုများတွင် မဆို လူထုပူးပေါင်းပါဝင်နိုင်ရေး အလေးထား ဆောင်ရွက်ရပါမည်။ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲသည့်အခါ ကျေးရွာသူ/သားများ၏ နေထိုင်မှု ၊ ပိုင်ဆိုင်မှု ၊ ကျန်းမာရေး အစရှိသည့် ကဏ္ဍ အစုံသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်နေကြောင်း သိရှိရပြီး ကဏ္ဍအစုံမှ ထွက်ရှိ လာသော အချက်အလက်များကို ကြည့်ရှုခြင်းအားဖြင့် လိုအပ်ချက်များကို ဖော်ထုတ်သိရှိနိုင်မည် ဖြစ်ပါသည်။ထိုသို့ မှန်ကန်သော လိုအပ်ချက်များအား သိရှိနိုင်မှသာ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည့်သင့်လျော်သော အဖွဲ့အစည်းများ ဦးစီးဌာနများထံ တင်ပြတောင်းခံနိုင်မည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲခြင်း စီမံကိန်းသည် စာရင်းဇယားများ ၊ ကျေးရွာလူထု၏ လူနေမှုအခြေအနေ ပိုင်ဆိုင်မှုများကို ကောက်ယူပြီးမှ လိုအပ်ချက်ပေါ် မူတည်၍ ကျေးရွာလူထု၏ ဆန္ဒဖြင့် အမှန်တကယ်လိုအပ်သော စီမံကိန်းလုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်သဖြင့် အလွန်ကောင်းမွန်ပြီး အကျိုးရှိသော စီမံကိန်း ဖြစ်ပါသည်။

ယခုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အကူအညီဖြင့် ကျေးရွာလူထုကိုယ်တိုင် ပါဝင်ရေးဆွဲသော စမ်းကုန်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း စာအုပ်အား စီမံကိန်းကာလအတွင်းသာ အသုံးပြုခြင်း မဟုတ်ဘဲ ပြောင်းလဲမှုရှိလာသည်နှင့်အမျှ ပြုပြင်ဖြည့်စွက် ၍ အစဉ်အမြဲ သုံးစွဲသွားမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
စမ်းကုန်းကျေးရွာ
တောင်တွင်းကြီးမြို့နယ်

## တောင်တွင်းကြီးမြို့နယ် ၊ စမ်းကုန်းကျေးရွာ  အရင်းအမြစ်ပြမြေပုံ



ရည်ညွှန်း- တောင်တွင်းကြီးမြို့နယ် ၊ တောင်လျောင်းကျေးရွာအုပ်စု ၊ စမ်းကုန်းကျေးရွာတွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/သား များ ကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်းမှ ရယူသည်။

**ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်**

**(၁) နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု**

**(က) ရည်ရွယ်ချက်**

စမ်းကုန်းကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်တော်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီ ဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ဖြင့် ရေးဆွဲရေးအတွေ့အကြုံ မရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း ၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ၊ ဌာနဆိုင်ရာများ စသည်တို့မှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်တော်တို့၏ ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်း သတိပြု မိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ ကြုံတွေ့နေရသော ပြဿနာများဖြစ်ရသည့် အခြေခံအချက်များ ၊ ဖွံ့ဖြိုးရေးကို အထောက် အပံ့ဖြစ်စေသော အချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာ ကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်တော်တို့အနေဖြင့် ဆောင်ရွက်မည့် နည်းဗျူဟာများ ၊ စီမံချက်များကို ရှင်းရှင်း လင်းလင်း ဖော်ပြထားပါသည်။

ကျွန်တော်တို့၏ ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ ၊ ပုဂ္ဂလိက ကဏ္ဍ ၊ ဘဏ်များ ၊ သတင်း နှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရရှိစေပြီး ကျေးရွာ ဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုကို သိရှိစေရန် မျှော်လင့်ပါသည်။

**( ခ) နိုင်ငံတော်အစိုးရအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်တော်တို့၏အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်း ဆောင်ရွက်ပေးရန် ဤဖွံ့ဖြိုးရေးစီမံချက်များကို မြို့နယ်အဆင့် ၊ ခရိုင်အဆင့် ၊ တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြသွားမည်ဖြစ်ပါသည်။ ပုဂ္ဂလိက အဖွဲ့အစည်းများအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု လိုလားချက် နှင့်၎င်းတို့၏ စီးပွားရေး ဆိုင်ရာ လိုလားချက်များ ၊ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည်ဖြစ်ပါ သည်။

အစိုးမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များ နှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမို သိရှိလာနိုင်မည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားလုပ်ငန်းရှင်များအနေဖြင့်ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်း ကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ် ဆောင်ရွက် လာနိုင် မည် ဖြစ်ပါသည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ ၊ နိုင်ငံတကာ ချေးငွေအဖွဲ့အစည်းများ ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါသည်။

(ဂ) **စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခင်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်တော်တို့ ကိုယ်တိုင်တက်နိုင်သော ငွေကြေး ၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိလာနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများကို ချမှတ်ခဲ့ကြပါသည်။ယခုအခါ ယင်းကဲ့သို့ မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိပြီး ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း ၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

၁။ **တည်နေရာနှင့်ပထဝီအနေအထား**

စမ်းကုန်းကျေးရွာသည် မကွေးတိုင်းဒေသကြီး ၊ မကွေးခရိုင် ၊ တောင်တွင်းကြီးမြို့နယ်၏ အရှေ့တောင်ဘက်တွင် တည်ရှိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး ဆတ်သွား - လယ်ဝေး-နေပြည်တော်လမ်း အကြမ်းနှင့် (၁)မိုင်(၄)ဖာလုံ ခန့်ကွာဝေးပါသည်။မိုးတွင်းကာလတွင် မြေနိမ့်ပိုင်းဖြစ်သောကြောင့် လယ်ကွက်များမှတဆင့် ကျေးရွာချင်းဆက်လမ်းများပေါ်သို့ ရေလွှမ်းမိုးခြင်းကြောင့် လမ်းအခက်အခဲများကြုံတွေ့ရ ပါသည်။

၂။ **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**

နှစ်စဉ် မိုးရေချိန် လက်မ (၄၀) ခန့်ရရှိပြီး သဘာဝပေါက်ပင်များမှာ မန်းကျည်း ၊ သရက်ပင် ၊ တမာပင် ၊ ကုက္ကိုပင် ၊ ထန်းပင် ၊ ဇီးပင် စသော အပင်များ ပေါက်လေ့ရှိပါသည်။ အဓိကအားထား ရသော သီးနှံမှာ မိုးစပါး ဖြစ်ပါသည်။ စပါး စိုက်ပျိုးနိုင်သော လယ်ဧက (၉၅၉) ဧကခန့်ရှိပြီး သီးထပ်သီးနှံအဖြစ် ကုလားပဲ ၊ မတ်ပဲ ၊ နေကြာနှင့် ပဲတီစိမ်းတို့ စိုက်ပျိုး နိုင်ပါသည်။ ယာမြေဧက(၂၈၆)ဧကခန့်ရှိပြီးငင်းယာမြေများတွင် နှမ်းနှင့်ကြံသီးနှံကို စိုက်ပျိုးနိုင်ပါသည်။ မိုးစပါး အတွက် စိုက်ပျိုးရေးကို ကျောက်မိချောင်း ရေလွှဲဆည်မှ လက်ယာမြောင်းအတိုင်းရေ ရရှိပြီး ၊ ရွာမြောက်ဘက် အင်တောချောင်းမှလည်း ကိုယ်ထူကိုယ်ထ တစ်ဖက်ရပ်ဆည်များ ပြုလုပ်၍ စိုက်ပျိုးရေး လုပ်ငန်းအတွက် ရေရရှိရန် အတွက် အထောက်အကူပြုပါသည်။

၃။ **ကျေးရွာရှိကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ**

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် ဘုန်းကြီးကျောင်းဂေါပကအဖွဲ့ ၊ ဝတ်ရွတ်သင်းအဖွဲ့ ၊ အရန်မီးသတ်အဖွဲ့ ၊ လူငယ်အဖွဲ့ ၊ ပညာရည်မြှင့်တင်ရေးနှင့်အထွေထွေလူမှုကူညီရေးအသင်းအဖွဲ့စသော အဖွဲ့အစည်း များ ဖွဲ့စည်းထားရှိပါသည်။လမ်းဖြစ်မြောက်ရေးကော်မတီလည်း ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ဆိုင်သော သာရေး ၊ နာရေး ၊ လူမှုရေးကိစ္စ ကြီးငယ်များ ပေါ်ပေါက်လာလျှင် အုပ်ချုပ်ရေးအဖွဲ့နှင့်ချိတ်ဆက်၍ ကဏ္ဍအလိုက် အဖွဲ့အစည်းများ အားလုံး စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့် ကောင်းများ ရှိပါသည်။

( ခ) **စီးပွားရေးနှင့် အသက်မွေးအခြေအနေ**

ကျေးရွာ၏အဓိက ဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ အဓိက စိုက်ပျိုးရေးလုပ်ငန်းမှာ စပါးဖြစ်၍ ကုလားပဲ ၊ မတ်ပဲတို့ကိုလည်း ၄င်းစပါးရိုးကျွတ် လယ်မြေ များပေါ်တွင် သီးထပ် ၊ သီးနှံအဖြစ် စိုက်ပျိုးကြပါသည်။ ယာမြေများတွင်လည်း နှမ်း ၊ ကြံကို တစ်လဲစီ စိုက်ပျိုးကြပါသည်။စပါး အထွက်နှုန်းမှာ တစ်ဧကလျှင် တင်း(၄၅)တင်းမှ တင်း(၉၀) အထိ ထွက်ရှိပြီး ပျမ်းမျှ (၆၀)တင်းထွက်ရှိပါသည်။ကုလားပဲ ၊ အထွက်နှုန်းမှာ တစ်ဧကလျှင် (၈)တင်းမှ (၂၀)တင်း ထွက်ရှိပြီး ပျမ်းမျှအားဖြင့် (၁၃)တင်း၊မတ်ပဲ တစ်ဧက အထွက်နှုန်းမှာ (၆)တင်းမှ (၁၈)တင်းအထိထွက်ရှိပြီးပျမ်းမျှအားဖြင့်(၁၀)တင်း၊ နှမ်းတစ်ဧကလျှင် (၆)တင်းမှ(၁၂) တင်း ထွက်ရှိပြီး ပျမ်းမျှအားဖြင့်(၈)တင်း၊ ကြံတစ်ဧကလျှင်(၁၅)တန်မှတန်(၃၀)ထိထွက်ရှိပြီး၊ ပျမ်းမျှ အားဖြင့် (၂၀)တန် ခန့်ထွက်ရှိပြီး နှစ်စဉ်ကျေးရွာမှ မိုးစပါး (၇၀၀၀၀)တင်း၊ ကုလားပဲ (၄၀၀)တင်း ခန့် နှမ်း(၂၀၀)တင်းခန့်၊ မတ်ပဲ (၁၀၀၀၀)တင်းခန့် နှင့်ကြံတန်ချိန်(၅၀၀၀)ကျော် ထွက်ရှိပါ သည်။

အထက်ဖော်ပြပါသီးနှံအထွက်နှုန်းများသည် မိရိုးဖလာနည်းဖြင့်သာ စိုက်ပျိုးကြသော ကြောင့် စိုက်ပျိုးရေးနည်းစနစ်များ မှန်ကန်မှုမရှိခြင်းနှင့်စိုက်ပျိုးရေးနည်းပညာ အားနည်းခြင်း တို့ကြောင့် အထွက်နှုန်းနည်းသည်ဟု ယူဆရပါသည်။ ထွက်ရှိလာသော သီးနှံများမှာလည်း ဈေးကောင်းမရရှိသောကြောင့် အရင်းနှင့်အမြတ်မျှတမှုမရှိပဲ အရှုံးပေါ်ကာအကျိုးအမြတ်ရရှိမှု နည်း ပါး လာပါသည်။ထိုသီးနှံထုတ်လုပ်မှုမှာ ဝင်ငွေနည်းလာသည့်အတွက် လူငယ်များ ပြည်ပသို့ ထွက်၍ ဝင်ငွေရှာကြရပါသည်။အကျိုးဆက်အနေဖြင့်သီးနှံထုတ်လုပ်မှုတွင် လုပ်သား ရှားပါး လာပါသည်။ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ စိုက်ပျိုးရေး နည်းပညာပေးသင်တန်း များဖွင့်လှစ်ခြင်းနှင့် စိုက်ပျိုးရေးသုံး စက်ကိရိယာများအား အရစ်ကျစနစ်ဖြင့် ရောင်းချပေးနိုင်ခြင်းများ ရှိနိုင်ပါက ကျေးရွာ၏ စိုက်ပျိုးရေးကဏ္ဍတိုးတက်လာမည်ဟု ယုံကြည်ရပါသည်။

ကျေးရွာတွင်တောင်သူများအပြင် ကျပန်းလုပ်ကိုင်ကြသူများရှိသော်လည်း ဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ အတတ်ပညာနှင့်ကျွမ်းကျင်မှုအားနည်းခြင်း တို့ကြောင့် အသက်မွေးဝမ်းကျောင်း အတွက်အလုပ်အကိုင် အခွင့်အလမ်းနည်းပါးပါသည်။ ထို့ကြောင့် သက်ဆိုင်ရာဌာန အဖွဲ့ အစည်း များမှ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများ ဖွင့်လှစ်ပို့ချပေးမည်ဆိုပါက ကျေးရွာ၏ စီးပွားရေးအခြေအနေမှာ ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။

(ဂ) **အခြေခံအဆောက်အဦ နှင့် ဝန်ဆောင်မှုများ**

ကျေးရွာတွင် ကျေးရွာသူ/သားများအားလုံးသည် သန့်ရှင်းသောသောက်သုံးရေ သုံးစွဲရန် အဝီစိတွင်းများတူးဖော်၍အသုံးပြုကြရပါသည်။ကျေးရွာရှိအိမ်ထောင်စု (၁၀၀%)သည် အဝီစိ တုံကင်တွင်းများမှ လက်နှိပ်၍သော်လည်းကောင်း၊ စက်တပ်၍သော်လည်းကောင်း သောက်သုံးရေ များ ရရှိနိုင်ကြပါသည်။ကျေးရွာတွင် အလယ်တန်းကျောင်းခွဲ(၁)ကျောင်းရှိပြီး ကျောင်းသား/သူ ဦးရေ(၂၀၀)ခန့်နှင့်ဆရာ/ဆရာမဦးရေ(၁၁)ဦးရှိပါသည်။ အထက်တန်း အဆင့်အတွက် ကျေးရွာမှ (၂)မိုင်ခန့် ကွာဝေးသော ကုက္ကိုကုန်းအခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ပညာ သင်ကြား ရပါသည်။

သို့သော်လည်း မိုးတွင်းကာလရေကြီးချိန် ကုက္ကိုကုန်း နှင့် စမ်းကုန်းကျေးရွာအကြားတွင် ကျောက်မိချောင်းမှ ရေကူးတံတားမရှိခြင်းကြောင့် အထက်တန်းအဆင့် ကျောင်းသားများ ကျောင်းတက်ရန် အခက်အခဲများစွာ ရှိနေပါသည်။ကျန်းမာရေး ဝန်ဆောင်မှုများအတွက် ကျေးရွာ တွင် ဆေးပေးခန်း မရှိပါ။ကိုယ်ဝန်ဆောင်မိခင်များ ၊ မွေးကိုက်လူနာများနှင့် အရေးပေါ်လူနာများမှာ ရွာနှင့်(၂)မိုင်ခန့် ဝေးသောကုက္ကိုကုန်းတိုက်နယ် ဆေးရုံသို့လည်းကောင်း ၊ မိုင်(၂၀)ခန့်ကွာဝေးသော တောင်တွင်းကြီးမြို့နယ် ဆေးရုံသို့လည်းကောင်း သွားရောက်ကြရပါသည်။ကျေးရွာတွင် မီးရရှိရေး အတွက် ၂၀၁၅ ခုနှစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမှ ဆိုလာနှင့် ဘတ်ထရီအိုးများ (၁၅၄)လုံး ဝေငှထားခြင်းရှိပါသည်။

ကျေးရွာတွင် လမ်းများသည် မြေသားလမ်းများဖြစ်ပြီး မိုးများချိန်တွင် ရွှံ့ဗွက်များ ထူထပ် သဖြင့် သွားလာရန် ခက်ခဲပါသည်။ထို့ကြောင့် ကျောက်ကြီးမြေနီးလမ်းအပြင် ရွာအလယ်လမ်းမ ကြီးနှင့် လမ်းအသွယ်များအား အဆင့်မြှင့်တင်နိုင်လျှင် ကျေးရွာတွင် သွားလာရေး ပိုမိုလွယ်ကူ မည်ဖြစ်ပြီး ရွာသူ/သားများအတွက် ပိုမို အကျိုးရှိမည် ဖြစ်၍ ကျေးရွာအတွင်း ကျောက်ကြီး မြေနီလမ်းသည် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက ဦးစားပေး စီမံချက် ဖြစ်ပါသည်။

(ဃ) **ဘဏ်နှင့်ငွေကြေး ဝန်ဆောင်မှု**

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သောချေးငွေကို မိုးစပါး စိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ လယ်တစ်ဧကလျှင် (၁၅၀၀၀၀) နှုန်း ထုတ်ချေးပါသည်။အခြားအသေးစား ချေးငွေဝန်ဆောင်မှုများဖြစ်သော ပက်စ်မြန်မာ၊ သမဝါယမ၊ ငွေစုငွေကြေး အဖွဲ့ရှိသော်လည်း တောင်သူလယ်သမားများသာမက ကျပန်းလုပ်ကိုင်သော ပုဂ္ဂိုလ်များပါ အဆင်ပြေနိုင်စေရန် တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများနှင့် အရောင်း အဝယ်လုပ်ငန်းများအတွက် ချေးငွေ ဝန်ဆောင် မှုများ လိုအပ်ပါသည်။

( င) **ပညာရေး**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အလယ်အလတ်ရှိကြောင်း သိရပါသည်။ ရွာသား အများစု သည် အခြေခံ အရေး အဖတ် အတွက် တတ်မြောက်ကြပြီး တက္ကသိုလ် ပညာရပ် များဖြင့် ဘွဲ့ရသူများလည်း ရှိပါသည်။ကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်းခွဲရှိပြီး ကျောင်းသား/ သူဦး ရေ (၂၀၀) ခန့်နှင့် ဆရာ/ဆရာမဦးရေ (၁၁)ဦး ရှိပါသည်။အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုသင်တန်းများ လက်လှမ်း မမှီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်း ပညာ နိမ့်ကျဆဲ ဖြစ်ပါသည်။

( စ) **ကျန်းမာရေး**

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ မရှိသလောက် နည်းပါးပါသည်။နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေး ဖြစ်ပွားတက်ပြီး ကလေးသူငယ်များ အများဆုံးဖြတ်တက်ပါသည်။အခြားလူများတွင် မိုးရာသီ တုပ်ကွေး ရောဂါ ကူးစက်ခံရလေ့ရှိပါသည်။ ဟင်းသီးဟင်းရွက် ၊ ပဲမျိုးစုံ နှင့် အသားငါးများ စားသုံးခြင်းကြောင့် ကလေးသူငယ်များအတွက် ကျန်းမာရေးကာကွယ်ဆေး တိုက်ကျွေးသော အစီအစဉ်များကို ကျန်းမာရေးဌာနမှ လစဉ် ဆောင်ရွက်ပေးပါသည်။

(ဆ) **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာမှလယ်မြေများသည်နှစ်စဉ်စပါးစိုက်ပျိုးခြင်း၊ သီးထပ်သီးနှံ စိုက်ပျိုးခြင်း တို့အတွက် ဓာတုဗေဒ ကွန်ပေါင်းဓာတ်မြေသြဇာများ အသုံးပြုခြင်း ၊ သဘာဝနွားချေးနှင့် သစ်ဆွေး မြေသြဇာများ နှစ်စဉ် မထည့်သွင်းနိုင်ခြင်းကြောင့် မြေဆီလွှာ ပျက်ယွင်းမှုများ နှင့် ကြုံတွေ့ ရပါသည်။ စိုက်ခင်း များတွင် ပိုးသတ်ဆေးများ အသုံးပြု ရသောကြောင့် သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိပါသည်။ ပိုးသတ်ဆေးများ အသုံးပြုရာတွင် ဓာတ်ကြွင်းအန္တရာယ် လျော့ပေါ့ရေးအတွက် ဘေးကင်းလုံခြုံမှု ရှိရန်လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်းအတွက် အားနည်း သေးကြောင်း တွေ့ရှိရပါသည်။ ချောင်းမြောင်းများ တိမ်ကောလာသောကြောင့် မိုးရာသီတွင် မိုးရက်ဆက် ရွာသွန်းလျှင် စပါးခင်းများ ၊ နှမ်းခင်းများ ရေမြုပ်ခံရခြင်းကြောင့် သီးနှံအထွက်နှုန်း လျော့နည်းခြင်းများ ကြုံတွေ့ နေရပါသည်။

**(၉) ကျား / မ ရေးရာ**

ကျား/မ ဆိုင်ရာ အခွင့်အရေးများအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိသည်။အမျိုးသမီးများသည် အိမ်မှုကိစ္စများနှင့်သာ အချိန်ကုန်နေရသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း ၊ ကောက်စိုက်ခြင်း အမျိုးသားများသည်လယ်ထွန်ခြင်းလုပ်ငန်းများကိုလုပ်ကိုင်ကြသည်။ဘာသာရေးပွဲ ၊ ရှင်ပြု အလှူပွဲများ ကျင်းပခြင်း ၊ ဘုန်းတော်ကြီး ကျောင်း ဆရာတော်၏ ဦးဆောင်မှုဖြင့် တရားပွဲများကျင်းပခြင်း၊ အမျိုးသမီးများသည် အမျိုးသားများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြသည်။ဒေသတွင် အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲမှု ကိစ္စရပ် များတွင်အမျိုးသမီးများ၏အခန်းကဏ္ဍ နည်းပါးနေသေးကြောင်း တွေ့ရှိရ ပါ သည်။ မူလတန်းကျောင်း ပညာရေးမှ တက္ကသိုလ်ပညာရေးအထိ ကျား/မ တန်းတူ အခွင့်အရေး ရှိပါသည်။

၄။ **တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီဌာန**

**ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးစီမံချက်လုပ်ငန်းများ**

| စဉ် | ကျေးရွာ အုပ်စု | ကျေးရွာ အမည် | စီမံချက်အမည် | ဦးစားပေး အဆင့် | မှတ် ချက် |
|---|---|---|---|---|---|
| ၁ | တောင် လျောင်း | စမ်းကုန်း | ရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း။ | ၁ | |
| ၂ | | | ရွာချင်းဆက်လမ်း အဆင့်မြှင့်တင်ခြင်း။ | ၂ | |
| ၃ | | | ဆေးပေးခန်း ဆောက်လုပ်ခြင်း။ | ၃ | |
| ၄ | | | အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ပေးခြင်း။ | ၄ | |
| ၅ | | | ရန်ပုံငွေရရှိခြင်း။ | ၄ | |
| ၆ | | | စာကြည့်တိုက် ဆောက်လုပ်ခြင်း။ | ၅ | |
| ၇ | | | ကျောင်းဆောင်ပြုပြင်ခြင်း။ | ၅ | |
| ၈ | | | စပါးရိတ်ခြွေစက်ရရှိအောင်ဆောင်ရွက်ခြင်း။ | ၅ | |
| ၉ | | | စိုက်ပျိုးရေး နည်းပညာပေးသင်တန်း ဖွင့်လှစ်ခြင်း။ | ၆ | |
| ၁၀ | | | ကန်ပြုပြင်ခြင်း။ | ၇ | |

၅။ **တောင်တွင်းကြီးမြို့နယ် ၊ စမ်းကုန်းကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ**

| စဉ် | လုပ်ငန်းအမည် | အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁ | ရွာတွင်းလမ်း ခင်းခြင်း။ | ၁ | √ | | | | |
| ၂ | ရွာချင်းဆက်လမ်း အဆင့်မြှင့်တင်ခြင်း။ | ၂ | | √ | | | |
| ၃ | ဆေးပေးခန်းဆောက်လုပ်ခြင်း။ | ၃ | | √ | | | |
| ၄ | အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ပေးခြင်း။ | ၄ | √ | | | | |
| ၅ | ရန်ပုံငွေရရှိခြင်း။ | ၄ | | √ | | | |
| ၆ | စာကြည့်တိုက် ဆောက်လုပ်ခြင်း။ | ၅ | | | | | √ |
| ၇ | ကျောင်းဆောင်ပြုပြင်ခြင်း။ | ၅ | | √ | | | |
| ၈ | စပါးရိတ်ခြွေစက်ရရှိအောင်ဆောင် ရွက်ခြင်း။ | ၅ | | | √ | | |
| ၉ | စိုက်ပျိုးရေးနည်းပညာပေးသင်တန်း ဖွင့်လှစ်ခြင်း။ | ၆ | | | | √ | |
| ၁၀ | ကန်ပြုပြင်ခြင်း။ | ၇ | | | | | √ |

၆။ **ကျေးရွာဖွံ့ဖြိုးရေးအခြေအနေအား သုံးသပ်ရန် အထောက်အကူပြုဇယားများ**

**(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား (၁) စမ်းကုန်းကျေးရွာ၏ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၅ | ၇ | ၁၂ |
| ၁ နှစ်မှ ၄ နှစ်အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၀ | ၂၀ | ၄၀ |
| ၅ နှစ်မှ ၉ နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၄၃ | ၄၁ | ၈၄ |
| ၁၀ နှစ်မှ ၁၄ နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၅၉ | ၅၃ | ၁၁၂ |
| ၁၅ နှစ်မှ ၆၄ နှစ်အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၃၂ | ၄၆၄ | ၈၉၆ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၂ | ၂၄ | ၃၆ |
| **စုစုပေါင်း** | | **၅၇၁** | **၆၀၉** | **၁၁၈၀** |
| **စုစုပေါင်းအိမ်ထောင်စု** | | **၂၄၀** | | |

ရင်းမြစ်-(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။စမ်းကုန်းကျေးရွာသည် လူဦးရေအများစုမှာ အလုပ်လုပ်နိုင်သူ အများစု ဖြစ်ပြီး အသက် (၆၅) နှစ် အထက်လူဦးရေမှာ ( ၃ %) ရှိပြီး ကျန်းမာရေး ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ၏ အလုပ်လုပ်နိုင်သည့်လူဦးရေမှာ ( ၇၆%) ရှိသောကြောင့် လူ့စွမ်းအား အရင်းအမြစ် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

## (၂) သဘာဝရင်းမြစ်နှင့်ဂေဟစနစ်ဆိုင်ရာအခြေအနေ

### (၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

ဇယား (၂) စမ်းကုန်းကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း၊သင့်၊ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သောရေ အရင်းအမြစ် (မြေအောက်ရေ၊ ချောင်း၊မြစ်၊စိမ့်စမ်း စသည်ဖြင့်) |
|---|---|---|---|---|
| လယ်မြေ | ၉၅၉ | သင့် | အနည်းအကျဉ်း | ချောင်း |
| ယာမြေ/တောင်ယာမြေ | ၂၈၆ | သင့် | အနည်းအကျဉ်း | - |
| ဥယျာဉ်ခြံမြေ | - | - | - | - |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| ဓနိတောမြေ | - | - | - | - |
| စားကျက်မြေ | - | - | - | - |
| ပလပ်မြေ | - | - | - | - |
| သစ်တောမြေ | - | - | - | - |
| **စုစုပေါင်း** | **၁၂၄၅** | | - | - |

ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း-ရပ်မိ/ရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။စမ်းကုန်းကျေးရွာတွင် လယ်မြေဧက (၉၅၉) ဧက ရှိသော်လည်း ဧက (၆၀၀)ခန့်သာ စိုက်ပျိုးရေ ရရှိပြီး ဧက (၃၅၀) ကျော်မှာ မိုးကောင်းသောက် များဖြစ်ပြီး နှစ်စဉ် စိုက်ပျိုးရေ လုံလောက်မှု မရရှိကြောင်း တွေ့ရှိရပါသည်။

### (၂.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား(၃) စမ်းကုန်းကျေးရွာ၏ ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ၊သင့်၊နည်း၊မရှိ) | အသုံးပြုနိုင်မှု (လွယ် ၊ ခက် ၊ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန်(ဓာတ်ငွေ့၊ရေနံ) | မရှိ | လက်လှမ်းမမှီ |
| ဓာတ်သတ္တု(ကျောက်မျက်၊သတ္တု) ကျောက်၊ကျောက်မီးသွေး၊သဲ)စသည့် သဘာဝအရင်းအမြစ် | ရှိ | လွယ် |
| တိရစ္ဆာန်မျိုးစိပ်များ | သင့် | ခက် |
| အပင်မျိုးစိပ်များ (လူ၊တိရစ္ဆာန်တို့အတွက်အသုံးဝင်သော | သင့် | လွယ် |
| ပျမ်းမျှအပူချိန် - ၁၀၉ F | ပျမ်းမျှမိုးရေချိန် - ၄၀" | |

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိ/ရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။စမ်းကုန်းကျေးရွာ နယ်နိမိတ်အတွင်း ကျောက် ၊ သဲနှင့် ကျောက်စရစ်များ အား လွယ်ကူစွာ ထုတ်ယူနိုင်ပါသည်။လူနှင့်တိရစ္ဆာန်များအတွက် အသုံးဝင်သော အပင်များမှာ တမာပင် ၊ မန်းကျည်းပင် ၊ သရက်ပင် ၊ အုန်းပင် ၊ မာလကာပင် ၊ ဩဇာပင်၊ ကြောင်ရှာပင် ၊ ဖရုံပင် ၊ ဘူးပင် ၊ ချဉ်ပေါင်ပင် ၊ မြေပဲ ၊ နှမ်း၊ ကြံ ၊ မတ်ပဲ နှင့် ပဲကြီး ၊ စသည့်အပင်တို့ စိုက်ပျိုးနိုင်ကြောင်း တွေ့ရှိရပါသည်။

(၃) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ**

ဇယား(၄) စမ်းကုန်းကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| **စဉ်** | **အဖွဲ့အစည်း အမည်** | **အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)** | **လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခု နှင့်အထက် ရွေးနိုင်သည်)** | **အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့) ခိုင်မာတောင့်တင်း မှုဆိုင်ရာ ရှင်းလင်း ဖော်ပြချက်** |
|---|---|---|---|---|
| ၁ | အုပ်ချုပ်ရေး အဖွဲ့ | ၁√ ၂□ ၃ □ | ပညာရေး √ ငွေကြေး √<br>ကျန်းမာရေး √ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး √<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး √ | - |
| ၂ | ဘာသာရေး အဖွဲ့ | ၁□၂ □၃√ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး □ | - |
| ၃ | ပရဟိတ အဖွဲ့ | ၁□၂ √ ၃ □ | ပညာရေး √ ငွေကြေး □<br>ကျန်းမာရေး √ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | - |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခု နှင့်ဝ၀်အထက် ရွေးနိုင်သည်) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့) ခိုင်မာတောင့်တင်း မှုဆိုင်ရာ ရှင်းလင်း ဖော်ပြချက် |
|---|---|---|---|---|
| ၄ | ကျောင်းအကျိုးဆောင်အဖွဲ့ | ၁☐၂ √ ၃ ☐ | ပညာရေး √ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐ | - |
| ၅ | မီးသတ်အဖွဲ့ | ၁☐၂ √ ၃ ☐ | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး √ | - |
| ၆ | လူငယ်အဖွဲ့ | ၁☐၂ √ ၃ ☐ | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့်ကာကွယ်ရေး √ | - |
| ၇ | ဆည်မြောင်းကော်မတီအဖွဲ့ | ၁ √ ၂ ☐ ၃ ☐ | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး √ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐ | |

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိ/ရပ်ဖအုပ်စု ၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။စမ်းကုန်းကျေးရွာသည် သာရေး ၊ နာရေး နှင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းမှ ဦးဆောင်ပြီး ဘာသာရေးအဖွဲ့ ၊ ပရဟိတအဖွဲ့ ၊ အမျိုးသမီးရေးရာအဖွဲ့ ၊ လူငယ်အဖွဲ့တို့နှင့်ညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်ကြောင်း တွေ့ရှိ ရပါသည်။

## (၄) စီးပွားရေးနှင့်လူမှုအခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား(၅) စမ်းကုန်းကျေးရွာ၏ ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ် ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၅ ဧက | ၁၀ ဧက | ၅ ဧက | မြေယာမဲ့ |
| အိမ်အခြေအနေ | တိုက်ခံ ၊ သွပ်မိုး ပျဉ်ထောင် | ပျဉ်ထောင် ၊ သွပ်မိုး | သွပ်မိုး ဝါးထရံကာ | (၃)ပင် သက္ကယ်မိုး |
| ကုန်ထုတ်လုပ်မှု နှင့်ဆိုင်သော ပိုင်ဆိုင်မှု | ထွန်စက် နွားလှည်း၊ လက်တွန်း၊ ဆိုင်ကယ် ၊ | ဆိုင်ကယ် ၊ နွားလှည်း | နွားလှည်း | - |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ | တောင်သူ | တောင်သူ | ကျပန်း |
| အိမ်ထောင်စု | ၄၀ | ၁၀၀ | ၆၀ | ၄၀ |

ရင်းမြစ်-(၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုထက် အဆင်မပြေသော အိမ်ထောင်စုမှာ ပိုမို များပြားပြီး အလွန်အဆင်မပြေသော အိမ်ထောင်စုများမှာ အသက်အရွယ်ကြီး ၍ အလုပ်မလုပ်နိုင်ခြင်း ၊ ဒေသတွင် ဝင်ငွေ ရရှိသော လုပ်ငန်းများ ရှားပါးခြင်း ရှိကြောင်း တွေ့ရှိ ရပါသည်။

**(၄.၂) သီးနှံထုတ်လုပ်မှု**

**(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား(၆) စမ်းကုန်းကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု ၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု ရာခိုင်နှုန်း | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၄၆ | ၁၉ | မြေမဲ့ ယာမဲ့ |
| ၂ | ၂.၅ ဧကအောက်(၁ဟက်တာထိ) | ၇၃ | ၃၀ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ဧကအထိ(ဟက်တာထိ) | ၅၈ | ၂၄ | တောင်သူငယ် |
| ၄ | ၅ဧကမှ ၁၂.၅ဧကထိ (၅ ဟက်ထာထိ) | ၅၆ | ၂၃ | တောင်သူလတ် |
| ၅ | ၁၂.၅ဧကအထက် (၅ ဟက်တာနှင့်အထက်) | ၈ | ၃ | တောင်သူကြီး |
| | ကျေးရွာရှိ အိမ်ထောင်စု စုစုပေါင်း | ၂၄၁ | | |

ရင်းမြစ် - (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- လယ်သမားအုပ်စု ၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ကျေးလက်ပြည်သူများ ဖြစ်သောကြောင့် စိုက်ပျိုးရေး လုပ်ငန်းများကိုသာ အဓိကထား လုပ်ကိုင်ပါသည်။စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေ ရရှိရေး ၊မြေဆီလွှာ ထိန်းသိမ်းရေး ၊ ဖျက်ပိုး ကာကွယ်နှိမ်နင်းရေးများအတွက် အသိပညာပေး ဗဟုသုတများ လိုအပ်နေကြောင်း တွေ့ရှိ ရပါသည်။

**(၄-၂-၂) စမ်းကုန်းကျေးရွာ၏ အဓိက သီးနှံများနှင့်၎င်း အထွက်နှုန်း**

ဇယား (၇) အဓိကသီးနှံများနှင့်၎င်း အထွက်နှုန်း

| **သီးနှံ** | **စုစုပေါင်း စိုက်ဧက** | **တစ်ဧကအထွက်နှုန်း** | | | | **အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်** |
|---|---|---|---|---|---|---|
| | | **ယူနစ်** | **အနည်းဆုံး** | **အများဆုံး** | **ပျမ်းမျှ** | |
| စပါး | ၉၅၉ | တင်း | ၄၅ | ၉၀ | ၆၀ | - |
| နှမ်း | ၁၅၀ | တင်း | ၆ | ၁၂ | ၈ | - |
| မတ်ပဲ | ၃၀၀ | တင်း | ၆ | ၁၈ | ၁၀ | - |
| ကုလားပဲ | ၁၀၀ | တင်း | ၈ | ၂၀ | ၁၃ | - |
| ကြံ | ၁၃၆ | တန်ချိန် | ၁၅ | ၃၀ | ၂၀ | - |

ရင်းမြစ်-ဦးတည်အုပ်စုဆွေးနွေးခြင်း၊ လယ်သမားအုပ်စု ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အဓိကထား စိုက်ပျိုးသော သီးနှံမှာ စပါးဖြစ်၍ စိုက်ပျိုးရန် အတွက်လုံလောက်သောရေရရှိရန် ကျောက်မိချောင်း ဆည်မြောင်း ကျော့ထောက် နောက်ခံ ရှိပါသော်လည်း ခိုင်မာမှု မရှိပါ၍ မိုးရေးကိုသာ အားထား စိုက်ပျိုးကြရပါသည်။ မိုးကောင်းသော နှစ်များတွင် လယ်တစ်ဧကလျှင် စပါးတင်း (၉၀)ခန့်၎င်း ထွက်ရှိပြီး မိုးခေါင်သော နှစ်များတွင် လယ်တစ်ဧကလျှင် တင်း (၄၅) တင်းခန့်၎င်းသာ ထွက်ရှိပြီး အခြားသီးနှံများလည်း စိုက်ပျိုးကြောင်း သိရှိရပါသည်။သီးထပ်သီးနှံအပြင် မတ်ပဲ နှင့်၎င်း ကုလားပဲကို စိုက်ပျိုးနိုင်ပြီး ကြံကို စိုက်ပျိုး၍ ကျေးရွာ နှင့်၎င်း (၁၈) မိုင်ခန့်၎င်း ကွာဝေးသော ကံလှသကြားစက်သို့ တင်ပို့ရောင်းချကြောင်း တွေ့ရှိ ရပါသည်။

## (၄-၃) မွေးမြူရေးလုပ်ငန်း

ဇယား(၈)စမ်းကုန်းကျေးရွာ၏မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသော ကောင်ရေအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၁၂၀ | ၄၄၁ |
| နို့စားနွား | - | - |
| ကျွဲ | ၇၀ | ၃၀၁ |
| မြင်း | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | - | - |
| သိုး | - | - |
| ဝက် | ၂၀၀ | ၃၅၁ |
| ကြက် | ၂၃၀ | ၃၁၉၅ |
| ဘဲ | ၅ | ၄၅ |
| နွားနောက် | - | - |
| ငါးလုပ်ငန်း | - | - |
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | - |
| ရေချိုငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | - | - |

